# တေးဆိုငှက်

# Song Bird

## အခန်း(၁)

ကြမ်းပြင်ပေါ်မှာ လှဲလျောင်းနေရင်းနဲ့ တေးဆိုငှက်ဟာ မှေးမှိန်နေတဲ့ မျက်လုံးနဲ့ မျက်နှာကျက်မှာ ကပ်နေတဲ့ အိမ်မြှောင်ကို စိုက်ကြည့်နေမိတယ်။ အဲဒီ အိမ်မြှောင်ဟာ ဒီကမ္ဘာပေါ်မှာရှိတဲ့ နောက်ဆုံး အိမ်မြှောင်ဆိုရင် **‘ငါဘယ်လိုလုပ် အသက်ရှင်ရမလဲ’** ဆိုပြီး တွေးတော မိလေတယ်။ တကယ်တော့ နောက်ဆုံး အိမ်မြှောင် မဖြစ်သလို ညနေစောင်းဘဲ ရှိသေးလို့ တခြားအိမ်မြှောင်တွေ ထွက်မလာသေးခင် ပထမဆုံး ထွက်လာတဲ့ အကောင်ဖြစ်ပါတယ်။ မီးလုံးထွန်းထားတဲ့နားမှာ ဝိုင်းအုံနေတဲ့ ပိုးဖလံကောင်တွေကို တကောင်ထဲ အားရပါးရ လိုက်စားနေတာ ပါးစပ်တောင် ပြည့်နေပြီ။

ဒီလောက်စားတာတောင် အိမ်မြှောင်ဟာ သိပ်မဝဘဲ ပုံမှန်အရွယ်အစားဘဲ ဖြစ်ပါတယ်။ တေဇရဲ့ ဝမ်းဗိုက်ဟာ ဆာလောင်လွန်းလို့ တကျုပ်ကျုပ်မြည်နေတာကို အတိုင်းသားကြားနေရပါတယ်။ **(ဂလောင် ဂလောင် ဂလောင်)**နဲ့ သံချောင်း (၁၁)ချက်ခေါက်သံကို ဝမ်းနဲ့စွာကြားလိုက်ရပါတယ်။ ခေါက်တဲ့သူက တအားကုန် ခေါက်နေတယ်။ ဒါမှ ထောင်ထဲက အကျဉ်းသားတသောင်းလောက် ကောင်းကောင်းကြားနိုင်မယ်လေ။ အထူးသဖြင့် တေးဆိုငှက်ဟာ သူ့ရဲ့လုပ်ဖော်ကိုင်ဖက် နိုင်ငံရေး ကျောင်းသား သူငယ်ချင်းများကို လွမ်းဆွတ်တမ်းတနေတယ်။

သူ့ဟာသူ နာမည်ပေးထားတဲ့ အခေါင်းရဲ့ အဖုံးလို့ အမည်ရတဲ့ ကျွန်းတံခါးကြီးဟာ သူနဲ့ အပြင်ကမ္ဘာမှ သူငယ်ချင်းများနဲ့ အရမ်းဝေးကွာတယ် ဆိုတာကို သတိပေးနေသလိုဘဲလေ။ သူ့ဘဝမှာ အလိုချင်ဆုံး ချစ်ခင်တဲ့ သူငယ်ချင်းများ၊ အချိန်တွေ အစားအစာတွေရယ်၊ သူ့ကောင်မလေးရယ်၊ မိသားစုရယ်၊ သီချင်းတွေရယ် စသဖြင့် လိုချင်တောင်းတတဲ့ အရာတွေ အားလုံးကို တိုက်ပိတ်ခံထားရတဲ့ သူနဲ့ တဘဝစီ ခြားစေခဲ့ပါတယ်။ သူ့စိတ်ထဲမှာ **‘ငါဟာ တခြားနိုင်ငံ တခုမှာ ရောက်နေပြီး အားလုံးနဲ့ ဝေးနေတယ်လို့ ခံစားမိတယ်’**။ ကစ် ကစ် ကစ်နဲ့ အိမ်မြှောင် စုတ်ထိုးသံ ကြားရပြီ။ ထောင်မှူးလေး ကိုလူချောလည်း ဘယ်ရောက်နေလဲ၊ နောက်ပြီးတော့ ထမင်းအမြဲထိုးတဲ့ ကိုစိန်ယုံဆိုတဲ့တရုတ်လဲ အခုထက်ထိ မလာသေးဘူး။ လေထွက်ပေါက်ကလေးမှ အပြင်ဘက် ထောင်နံရံကို ငေးကြည့်နေမိပါတယ်။ လေဝင် လေထွက်ပေါက်လေးနဲ့ ထောင်နံရံကို ဆက်သွယ်ပြီး ရက်ထားတဲ့ ပင့်ကူအိမ်ဟာ သိပ်လှနေပါတယ်။ ထောင်မှူးကြီး အထင်မှာတော့ ကိုတေဇဟာ အပြင်ကမ္ဘာကို တိုက်ထဲကနေ မမြင်နိုင်ဘူးလို့လဲ ထင်နေမှာဘဲ။

အရပ်ရဲ့ လက်တဖေါင်အမြင့်မှာ လေဝင်လေထွက်ပေါက် ကလေးရှိပါတယ်။ စိတ်ထဲမှာ ပင့်ကူကို မနာလိုဖြစ်မိတယ်။ ငါဟာပင့်ကူဆိုရင် လေထွက်ပေါက်လေးက ထွက်ပြီး အပြင်ကမ္ဘာမှာရှိတဲ့ ရွှေတိဂုံဘုရားတို့ စိမ်းလန်းတဲ့သစ်ပင်ကြီးတွေ မြက်ခင်းတွေ၊ အင်းလျားကန်ကြီးရယ်၊ လမ်းတွေ၊ သိန်းပေါင်းများစွာသော လူတွေ၊ ကန်တော်ကြီး၊ အင်းလျား ကန်စောင်းမှာရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တိုက်ဖြူဖြူကြီးရယ် မေမေရဲ့ (၂)ထပ်မြင့် ပျဥ်ထောင်အိမ်အထိ ရောက် သွားဖြစ်မိမှာဘဲနော်လို့ တွေးတောနေမိ တယ်။

မေမေ့နာမည်က ဒေါ်စန္ဒာဖြစ်ပြီး သစ်ခွပန်းကို အလွန်မြတ်နိုးတဲ့သူ ဖြစ်ပါတယ်။ စိတ်ကူးထဲကနေ မျက်စိရှေ့မှာ မြင်နေရတဲ့ ပင့်ကူကို တေဇဟာ သူ့ရင်ထဲမှ စကားတွေ ပြောပြနေမိတယ်။ **"ငါမင်းကို ချစ်ပါတယ်ကွာ။ မင်းကျမ်းမာပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ငါဟာ ဘာမဆို မကြောက်တော့ဘူး။ ပင့်ကူလေး မင်းရဲ့ မလျှော့တဲ့ဇွဲ လုံ့လကို တွေ့ရပြီးကတည်းက ငါအားသစ်တွေ ရလာတယ်။ ငါဟာအခုထက်ထိ အသက်ရှင်နေ သေးတယ်။ ဟိတ်ကောင် တေဇ မင်းနာ မည်ရဲ့ အဓိပ္ပါယ်ကို သတိရစမ်းပါကွာ"**လို့ ပြောရင်း ကိုယ့်ကိုကိုယ် ပြန်ပြီးအားပေးနေမိတယ်။ တိုက်ပိတ် ခံနေစဥ်မှာ စာရေးခွင့်၊ စာဖတ်ခွင့် ဘယ်တော့မှ မရရှိပါ။ မိမိရဲ့ အကြောင်းတွေ ခံစားချက်တွေကို အပြင်မရောက် ရောက်အောင် ကြိုးစားခဲ့ပါတယ်။ စိတ်ကူးဆိုတာဘဲ တိုက်ရဲ့အပြင်ဘက် ထွက်သွား နိုင်ပြီး ခံစားချက်တွေဟာ သူနဲ့အတူ အကျဥ်းတိုက် ထဲမှာ အမြဲကျန်ရစ်လျှက် ရှိပါတယ်။

အဆောင်တွေမှာ ရှိနေစဥ်အခါမှာတော့ တခန်းနဲ့တခန်း ဆက်သွယ်တဲ့ စာတွေဟာ တနည်းမဟုတ်တနည်း တဆင့်ပြီးတဆင့် ရောက်ရှိသွားတတ်ပါတယ်။ သတင်းတွေဟာ သံတိုင်တွေ၊ တံခါးတွေ၊ နံရံတွေကို ကျော်ဖြတ်ပြီး သွားနိုင်တယ်လေ။ များသောအားဖြင့် နိုင်ငံရေးအကျဥ်းသား ရဲဘော်များမှာ အလွန်သေသပ်လျှို့ဝှက်တဲ့ နည်းလမ်းများရှိတတ်ပါတယ်။ ဥပမာ ဆေးပေါ့လိပ် ဖင်စီခံကိုထုတ် ပြန်ဖြေလိုက်ပြီးတော့ လျှို့ဝှက်စာကို သေးသေးလေး ရေးပြန်လိပ်ထဲ့ပြီး ဆေးလိပ် ဖြစ်အောင် လုပ်နည်း၊ နောက်တခုမှာ ကြိမ်ခြင်းရဲ့လက်ကိုင်ထဲကို သေးသေးလေး လိပ်ထဲ့တဲ့နည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ထောင်ခန်းထဲမှာ သတင်းစကားတဆင့်ကမ်းခဲ့တာကို သိခဲ့ရင် ထောင်ဝါဒါများရဲ့ ရိုက်နှက်မှုတွေ၊ နှိပ်စက်မှုတွေ၊ ကန်ကျောက်မှုတွေကို မလွဲမသွေခံရပြီး သွေးသံရဲရဲဖြစ်မှာ အလွန်သေချာပါတယ်၊ အဲဒီနှိပ်စက်နည်းတွေဟာ စစ်ဗိုလ်ချုပ်ကြီးတွေက နိုင်ငံရေးသမားတွေအတွက် ပေးချင်တဲ့ အထူးလက်ဆောင်မွန် မဟုတ်လား။ ထောင်ဝန်ထမ်းများဟာ မေ့မျော့ကျိုးပဲ့

> **ဖျာကြမ်းထဲမှာရှိနေတဲ့ ကြမ်းပိုးတွေကိုက်ထားတဲ့ ဒဏ်ရာတွေဟာ တကိုယ်လုံးအပြည့်ဖြစ်ပါတယ်၊ ခေါင်းပေါ်ကဆံပင်ဟာလည်း ရှည်လျားလှပေတယ်၊ ဆိပ်ညှော်စပ်ပတ်လွန်း၍ ပုတ်စော်နံ့ နေပါတယ်၊**

တဲ့အထိ ရိုက်ခွင့်ရထားပါတယ်။ နောက်ပြီးတော့ ထောင်ကျတဲ့ နှစ်တွေကို (၂)နှစ်မှ(၇)နှစ်အထိ တိုးပစ်လိုက်တတ်ပါတယ်။ တေးဆိုငှက်ရဲ့အဖိုးဟာ နေပူပူမိုးရွာရွာ မနက်ဆိုရင် လမ်းလျှောက် ထွက်တတ်ပါ တယ်။ ပင့်ကူလေး အခုမနက်မှာ ဟိုလျှောက် ဒီလျှောက် လုပ်နေတာကိုငေးကြည့်ရင်း အဖိုးကို တေဇ လွမ်းမိတယ်။ မိုးရွာနေတာကို မျက်စိနဲ့ မမြင်နိုင်ပေမဲ့ ခေါင်မိုးကနေ မြေကြီးကို ထိတဲ့အသံကိုတော့ ကြားနိုင်ပါတယ်။ စိတ်ကူးယဥ်စရာ ပေါ်လာတယ်။ တေဇဟာ မိုးစက်ကလေးတွေကို လက်ခုတ်နဲ့ခံထားပြီး မိတ်ဆွေအိမ်မြှောင်ကို ရေတိုက်ရင် ကောင်းမှာဘဲ၊ အိမ်မြှောင်

အကြောင်း တွေးမိတာနဲ့ ထမင်းဆာလာတယ်။ ဗိုက်ထဲမှာလည်း အသံစုံ မြည်နေပြီ။ ထမင်းလာထိုးတဲ့ ကိုစိန်ယွန်ရယ် အခုထိ မလာသေးဘူးဆိုပြီး စိတ်ကနေ ကြိမ်ဆဲမိတယ်။ ကိုစိန်ယုံဟာ ခန္ဓာကိုယ်သေးကွေးပြီး လက္ခဏာကြည့်တတ်သူဖြစ်ပြီး လွန်ခဲ့တဲ့ (၂)လလောက်ကစပြီး တေဇတိုက်ပိတ်တဲ့နေရာကို ထမင်းထိုး တာဝန်ကျလာတဲ့ အကျဉ်းသားတဦး ဖြစ်ပါတယ်။

ကိုစိန်ယုံရဲ့ အစွမ်းထက်ပုံကို ပြောပါရစေ။ လွန်ခဲ့တဲ့ (၂)ပတ်လောက်မှာ သဘော်သီးတစိတ် ယူလာတယ်။ ဘယ်လိုဖန်တီးလာလဲ မသိဘူး။ စားလိုက်ရတာ အရသာရှိလိုက်တာ။ နှစ်ကြီးသမားတွေ၊ ထောင်ဝါဒါတွေ ဒီလိုမကြင်နာတတ်ဘူး။ ကိုစိန်ယုံဟာ ချီးအိုးသေးအိုးတွေသွန်၊ ထမင်းထိုးနဲ့ သူ့ရဲ့ ထောင်ကျရက်ကို လျော့စေတယ်။ ယခင်ထမင်းထိုး တဲ့သူဟာ ဆွာမိဖြစ်ပြီး အရပ် (၆)ပေနဲ့ ထောင်ထောင်မောင်းမောင်း မုတ်ဆိတ်မွေးဗလပွနဲ့ ဖြစ်ပါတယ်။ ဒါပေမဲ့ လျှာပြတ်နေတဲ့အတွက် စကားမပြောနိုင်ပါဘူး။ ဒါကြောင့် ဆွာမိဟာ သူ့အတွက် လုံးဝအဖော် မဖြစ်နိုင်ခဲ့ပါ။

တိုက်ပိတ်ခံထားရတဲ့ သူ့ရဲ့ အလိုချင်ဆုံးအရာထဲမှာ စကားပြောဖော် တယောက်ရှိဖို့ မဟုတ်လား။ ဒါမှထောင်ထဲမှာ တခါတလေ အပျင်းပြေမှာလေ လျှာမရှိတဲ့ လူကိုမှရွေးပြီး တေဇအတွက် ထမင်းထိုးခိုင်း ထားတယ်။ ရက်စက်တယ်။ ဘယ်လိုဘဲဖြစ်ဖြစ် လက္ခဏာဆရာ ကိုစိန်ယွန်ဟာ စိတ်ဓါတ်သိပ် မကောင်းပေမဲ့ တေးဆိုငှက် တေဇအတွက်တော့ အဖော်ပါဘဲ။ ကိုစိန်ယုံဟာ သိပ်လျှင်ပြီး သိပ်ပါးနပ်တဲ့ လူတယောက်ဖြစ်သလို၊ တခန်းဝင်တ ခန်းထွက်နဲ့ စကားတွေလည်း တဆင့်ပြီးတဆင့် သယ်လာ တတ်ပါတယ်။ တကယ်လို့ ကိုစိန်ယွန် လင်ဗန်းနဲ့ စာလာပို့တဲ့အခါ တေဇဟာ ခါးကိုကိုင်းပြီး အရိုအသေပေး လိုက်မယ်လို့ စိတ်ကူးထားတယ်။ သစ်သားတံခါးမှာ နားကိုကပ်ပြီး နားထောင်တော့လည်း အပြင်ဘက်က ဘာသံမှမကြားရဘူး။ ဗိုက်ထဲက တကျုပ်ကျုပ်မြည်သံဘဲ ပြန်ကြားနေရတယ်။ ဒီဇင်ဘာလ ရောက်ရင် တေဇဟာ သူ့ရဲ့ထောင်သက် (၇)နှစ်မြောက်ကို တိုက်ခန်းပိတ်ထဲမှာ ကျင်းပဖို့ စိတ်ကူးယဉ်နေတယ်။ တကယ်ဆိုရင် တေဇသိပ်နေမကောင်းပါ။ ထမင်းလည်း ကောင်းကောင်းမစားနိုင်ပါ။ ခြေလက်၊ကိုယ်ခန္ဓာ တကိုယ်လုံးဟာ ကိုင်ရိုက်ထားသ လို နာကျင်ကိုက်ခဲ နေပါတယ်။ ဖျာကြမ်းထဲမှာရှိနေတဲ့ ကြမ်းပိုးတွေကိုက်ထားတဲ့ ဒါဏ်ရာတွေဟာ တကိုယ်လုံးအပြည့်ဖြစ်ပါတယ်။ ခေါင်းပေါ်ကဆံပင်ဟာလည်း ရှည်လျားလှပေတယ်။ သိပ်ညစ်ပတ်လွန်း၍ ပုတ်စော်နံ နေပါတယ်။

ဘာဘဲဖြစ်ဖြစ် တေဇအတွက်တော့ ရိုးနေပြီဖြစ်ပါတယ်။ အဓိကပြဿနာဟာ ထောင်ဝင်စာ ဖြစ်ပါတယ်။ ပုံမှန်(၂)ပါတ်ကိုတခါ လာနေကြဖြစ်ပေမဲ့ အခု (၃)ပါတ်ရှိနေတာတောင် မရောက်လာသေးပါ။ မေမေဟာ အမြဲပို့နေကြဖြစ်ပါတယ်။ တခုတော့ရှိတယ် ထောင်ဝင်စာကို စစ်ဆေးတဲ့နေရာမှာ သေသေချာချာ စစ်ဆေးလေ့ရှိတယ်။ လွန်ခဲ့တဲ့ (၃)ပါတ်တုန်းကလည်း ဘယ်သူ့ လက်ချက်လည်း မသိပါ။ ကိုစိန်ယွန်လည်း ဖြစ်နိုင်ပါတယ်။ တေဇ ထောင်ဝင်စာထဲမှာ ငါးခြောက်တွေရယ်၊ မြေပဲကြော်တွေရယ် ပါမလာပါ။

**တေဇဟာ လက်မောင်းမှာ ကိုက်နေတဲ့ ခြင်ကိုနံရံနဲ့ ရိုက်လိုက်တာ ပြားကပ်သွားပါတယ်၊ နံရံမှာ ကပ်နေတဲ့ သွေးသံရဲရဲနဲ့ ခြင်ဟာ ပုရွက်ဆိတ်တွေရဲ့ ဘဏ်တိုက်ထဲကိုရောက်သွားတော့မှာ ဖြစ်တယ်၊**

သူတို့ ခိုးထားပြီး တခြားအဆောင်တွေမှာ ဆေးလိပ်နဲ့ ဖြစ်စေ၊ ငွေကြေးအရဖြစ်စေ လဲလှယ်တတ်တယ်။ ထောင်မှူးလေး ကိုလူချောကိုလည်း မယုံရပါ။ ကိုစိန်ယုံနဲ့ တေဇဟာ ထောင်ထဲကို ရောက်လာတာ အတူတူလောက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခင်ထမင်းထိုးတဲ့ ကိုဆွာမိနဲ့ ကိုစိန်ယုံချိန်းသွားသလို၊ သဘော

ကောင်းတဲ့ ထောင်မှူးကိုချစ်နိုင်နဲ့ ထောင်မှူးလေး ကို လူချော ဖြစ်ပါတယ်။ တေဇဟာ လူအများနဲ့ ခင်မင်အောင် နေတတ်ပေမဲ့ ကိုစိန်ယုံဟာ ထောင်မှူးလေး ကိုလူချောရဲ့ လက်သပ်မွေးထားတဲ့သူ ဖြစ်ပါတယ်။ တကယ်လို့ များ ကိုစိန်ယုံက တေဇထောင်ဝင်စာ ငါးခြောက်ကို ဖြောင်ပစ်လိုက်ရင်၊ တေဇစဉ်းစားကြည့်တယ်။ “ငါ ဘာနဲ့ သွားစားတော့မှာလဲ၊ ပိုးဟပ်ဘဲ စားရမယ်။ ပင့်ကူလား၊ အိမ်မြှောင်ဘဲ စားရမလား? စိတ်တိုစွာနဲ့ နံရံကိုလက်သီးနဲ့ အဆက်မပြတ် ထိုးလိုက်တယ်။ လက်သိပ်နာတော့မှဘဲ ရပ်လိုက်တော့တယ်။ စိတ်ထဲကဒေါသ ပြေသွားတဲ့အခါမှာ နံရံကြီးကိုတောင်းပန်မိတယ်။ တကယ်ဆိုရင် နံရံကြီးဟာ သူနဲ့ အတူ အမြဲရှိနေတဲ့ အဖော်မဟုတ်ပေဘူးလား။ သူ့ ရဲ့ ခေါင်းအပေါ် မျက်နှာကျက်မှာ ပုရွက်ဆိတ်များ စစ်ကြောင်း(၂)ခုဖွဲ့ ပြီး ချီတက်နေကြတယ်။ စိတ်ညစ်ညစ်နဲ့ ဖျာစတချောင်းချိုးပြီး ပုရွက်ဆိတ်လမ်းကြောင်းတွေကို လိုက်နှောက်ယှက်နေမိပါတယ်။ ဖျာစပေါ်မှာချီတက်လာတဲ့ ပုရွက်ဆိတ်များကို ပါးစပ်ထဲထည့်ပြီး ဝါးစားမိပါတော့တယ်။

တေဇဟာ ငယ်ငယ်လေး ကတည်းက စာအုပ်တွေကို သိပ်သဘောကျပြီး စာအုပ်အရောင်းဆိုင်တွေတွေ့ ရင် ဟိုစာအုပ် ဒီစာအုပ်ကို ရှာဖွေ၍အကြာကြီး ထိုင်ဖတ်လေ့ရှိပါတယ်။ တခါတလေ သူလည်း စာကြည့်တိုက်လေး တခုလောက်တော့ ပိုင်ဆိုင်ချင်စိတ်ရှိပါတယ်။ လက်တဖက်က စိတ်ကူးထဲမှာ ပေါ်လာတဲ့ စာအုပ်ကို ဖွင့်ထားလိုက်သလို ကျန်တဖက်ကလည်း ဖျာစကတဆင့် ပုရွက်ဆိတ်လမ်းကြောင်းကို ဆက်သွားအောင် လုပ်ပေးနေတယ်။

တေဇ စိတ်ကူးယဉ်လိုက်တယ်။ စိတ်ကူးထဲမှ စာအုပ်ကို တဖြည်းဖြည်းချင်းလှန်ရင်း စဉ်းစားမိတယ်။ ဘာလို့ သစ်သားနံ့ ရတာလဲ? ဖိုးဖိုးစာအုပ်စင်က စာအုပ်တွေလဲ မိုးတွင်းကုန်သွားရင် သစ်ဆွေးနံ့ ရတယ် မဟုတ်လား? စာအုပ်ဟာ သစ်ပင်က စတာဘဲလေ။ သစ်သားအကြောင်းတွေးရင်းနဲ့ တိုက်ခန်းတံခါး ကျွန်းတံခါးဆီ ရောက်သွားတယ်။ အလွန်ခိုင်ခန့်ပြီး လေးလံလှပါတယ်။ တံခါးဟာ(၂)ထပ်ဖြစ်ပါတယ်။ ဘာကြောင့် (၂)ထပ်လုပ်သလဲ မသိဘူး။ ဖြစ်နိုင်တာက အခန်းထဲကို အမှောင်ချထားချင်လို့ဘဲ ထင်ပါတယ်။ သြော်.........ဒီလို တိုက်ပိတ်အကျဉ်းခန်းထဲမှာ လူတွေ ဘယ်လောက် အသက်စတေးသွားခဲ့ရသလဲ မသိနိုင်ပါ။

လမ်းလျှောက်ရင်း ကြာလာတော့ ဗိုက်ဆာလို့ ရပ်လိုက်တယ်။ ကိုဆွာမိနဲ့ မဆုံတော့ပေမဲ့ ကိုဆွာမိရဲ့ သံချေကားတော့ (၂)နာရီတောင်ထိုးနေပြီးကောလို့ သိလိုက်ရပါတယ်။ ထောင်ထဲက လူတွေဟာ ကိုဆွာမိရဲ့ နာရီသံချောင်းသံကို နားစွင့်ရင်း အချိန်တွေ၊ ရက်တွေ မှတ်နေကြတယ်။ ကိုဆွာမိဟာ သူ့ တာဝန်ကို တကယ်ကျေပွန်တဲ့ လူဖြစ်ပါတယ်။ တေဇဟာ လက်မောင်းမှာကိုက်နေတဲ့ ခြင်ကိုနံရံနဲ့ ရိုက်လိုက်တာ ပြားကပ်သွားပါတယ်။ နံရံမှာ ကပ်နေတဲ့ သွေးသံရဲရဲနဲ့ ခြင်ဟာ ပုရွက်ဆိတ်တွေရဲ့ ဘဏ်တိုက်ထဲ ကိုရောက်သွားတော့မှာ ဖြစ်တယ်။ ဇက်ညောင်းလွန်းလို့ ဟိုလှည့် ဒီလှည့်၊ ထိုင်လိုက်ထလိုက် လတွေ၊နှစ်တွေ ကြာတာဘဲရှိတယ်။ အဖော်ရယ်ဆိုလို့ အိမ်မြှောင်များ၊ ပင့်ကူရယ် တခါတလေမှာတော့ ကြွက်သေးသေးလေး လာလည်တတ်ပါတယ်။

ခိုတွေရဲ့ အသံ၊ ကျီးကန်းအသံများဟာလည်း တေဇကို အပျင်းပြေစေတယ်။ ပင့်ကူတွေဟာလည်း ပင့်ကူမျှင်နဲ့ အိမ်လုပ်နေတယ်။ သတ္တဝါတိုင်းဟာ သူတို့ ဘာသာစကားနဲ့ ဆက်သွယ်ပြီး လူတွေနားမလည်နိုင်တဲ့ အပြုအမူတွေနဲ့ အလုပ်ဆက်လုပ်နေကြသလို ပုရွက်ဆိတ်လေးတွေဟာလည်း တကောင်နဲ့ တကောင် ခေါင်းချင်းကပ်ပြီး တိုးတိုးလေးပြောလိုက် လက်ဆင့်ကမ်းစရာများကို တဆင့်ဆီ သယ်ယူပို့ ဆောင်ကြတယ်။ လူတွေ မမြင်နိုင်တဲ့နေရာလေးဟာ ပုရွက်ဆိတ်ကမ္ဘာလေး တည်ဆောက်နေကြပါတယ်။

မောင်မောင်လတ် (ခ) Roland Hardy